## မာတိကာ


၁) လာမည့် ၂၀၂၀ ရွေးကောက်ပွဲ၌ မွန်ပြည်နယ် အတွင်းရှိ မသန်စွမ်းသူများအားလုံး မဲပေးခွင့် ရရန် ကြိုးစားမည် ( ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၁ရက် ၊ Daily Eleven )

၂) လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စာရင်းများကို အလွယ်တကူ စိစစ်ရှာဖွေနိုင်ရန် ယခင်ကဲ့သို့ အက္ခရာအစဉ်လိုက်ထုတ်ပြန်ခြင်း မပြုတော့ဘဲ အိမ်ထောင်စုအလိုက်ထုတ်ပြန်ရန် စတင်ပြုစုနေ (၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၊ ၈ ရက်၊ Daily Eleven )

၃) လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို စံပြရွေးကောက်ပွဲဖြစ်အောင်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပစောင့်ကြည့်ရေးအဖွဲ့အား ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ပြော (၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၊၂၄ ရက် Daily ELEVEN )

၄) တိုင်းရင်းသားဒေသအချို့တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကို အကြောင်းပြ၍ ရွေးကောက်ပွဲ မကျင်းပမည်ကို တိုင်းရင်းသားနိုင်ငံရေးပါတီများ စိုးရိမ်(၂၀၁၉ခုနှစ်၊ ဩဂုတ်လ၊ ၂၅ ရက် Daily ELEVEN)

၅) ရွေးကောက်ပွဲကာလမဟုတ်သည့်အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းဟု သုံးစွဲခြင်း မပြုရန်နှင့် သုံးစွဲပါက တည်ဆဲဥပဒေတစ်ရပ်ရပ် နှင့် ငြိစွန်းနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထုတ်ပြန် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ၂၉ ရက်၊ Daily ELEVEN)


**၁) လာမည့် ၂၀၂၀ ရွေးကောက်ပွဲ၌ မွန်ပြည်နယ် အတွင်းရှိ မသန်စွမ်းသူများအားလုံး မဲပေးခွင့်ရရန် ကြိုးစားမည်** ( ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၁ရက် ၊ Daily Eleven )

"လာမည့် ၂၀၂၀ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ဥပဒေနှင့်အညီမဲပေးခွင့်ရှိတဲ့ မသန်စွမ်းတွေအား လုံးဆန္ဒမဲပေးပိုင်ခွင့်ကိုရရှိအောင် ကြိုးစားဆောင်ရွက်သွားပါမယ် ။ နောက်ထပ် ပိုမိုပြီး ပါဝင်နိုင်အောင်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီအတွက်ကိုလည်း မွန်ပြည်နယ် ၁၀ မြို့နယ်လုံးပေါင်းဆည်းပြီး ၂၀၁၉ ခုနှစ် မေ ၁၃ ရက်က မွန်ပြည်နယ် မသန်စွမ်းသူများ အဖွဲ့ကိုဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါတယ် ။ " ဟု ဦးစောအောင် သိန်းတင် က ပြောကြားခဲ့ပါသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၂) လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စာရင်းများကို အလွယ်တစ်ကူ စိစစ်ရှာဖွေနိုင်ရန် ယခင်ကဲ့သို့ အက္ခရာအစဉ်လိုက်ထုတ်ပြန်ခြင်း မပြုတော့ဘဲ အိမ်ထောင်စုအလိုက် ထုတ်ပြန်ရန် စတင်ပြုစုနေ** (၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၊ ၈ ရက်၊ Daily Eleven )

"အရင်ကတော့ အက္ခရာအလိုက်စဉ်လိုက်တာ ။ ဥပမာ- ကျွန်တော့်နာမည်က မြန်မာလိုဆိုရင် ဦးအောင်မြင့် 'အ' ဆိုတော့ အောက်ဆုံးမှာပေါ့ ။ ကျွန်တော့်သား နာမည်ကကျ ကျော်ကျော် ဆိုတော့ ဟိုးထိပ်ဆုံးမှာရောက်နေတာ ။ တစ်အိမ်တည်းမှာကို မဲစာရင်းရှာရတာ ဟိုမှာ တစ်ယောက် ၊ ဟိုးထိပ်မှာတစ်ယောက် ထွေးထွေးဆိုတဲ့သမီးက ရှာရတာတစ်နေရာမှာ ဖြစ်နေတယ်။ အခုကျတော့မိသားစုလိုက်ဆိုတော့ ကျွန်တော့နာမည်တွေတာနဲ့ အကုန်နာမည် ပါတာပေါ့။ အဲဒီသဘောမျိုးပါ။ မဲဆန္ဒရှင်တွေ မဲစာရင်းလာကြည့်ကြတဲ့အခါ လွယ်တာပေါ့ ။ အရင်ကတော့သိပ်ခက်တယ် ။ ဥပမာ- အရင်ကဆို ညောင်ပင်သာဆိုတဲ့ရွာပေါ့ ။ မြန်မာနိုင်ငံမှာက ညောင်ပင်သာရွာဆိုတာ တစ်ရွာတည်းမဟုတ်ဘူး။ အဲလိုညောင်ပင်သာရွာဆိုပြီး ရိုက်နှိပ်ရှာလိုက်ရင် ညောင်ပင်သာရွာတွေအများ ကြီးထွက်လာတယ်။ ဒေသတွေ family life မဟုတ်တဲ့အခါ ကြတော့ပြန်ပြီး family life ဖြစ်အောင်လုပ်ရတာပေါ့။ အဲဒီလိုလုပ်တဲ့နေရာမှာ အရင်ကလုပ်ခဲ့တာတွေကိုလည်း ယူသင့်တာယူရတယ်။ ဘာတွေပြင်ဆင်ဖို့လိုအပ်မလဲဆို ကဏ္ဍဆုံမှာ ကောင်းသထက်ကောင်းအောင် အခြေအနေအချိန်အခါအရ ဆောင်ရွက်ဖို့အများ ကြီးပါပဲ။ ဒါပေမယ့်မဲစာရင်းမှန်ကန်ဖို့အတွက် စေတနာနဲ့လုပ်နေကြတာဖြစ်လို့ ရာနှုန်းပြည့် မှန်မယ်လို့ မျှော်မှန်းထားတယ်။ ဖြစ်အောင်လည်း ကြိုးစားနေတယ်။ အဲဒီမှာပြည်သူလူထုက မဲစာရင်းကို စိတ်ပါဝင်စားပါဝင်နိုင်လေ မဲစာရင်းမှန်ကန်ပြည့်စုံလေပဲ။ ဒါတွေက အာဏာနဲ့ဖွတ် လုပ်လို့မရဘူး " ဟု ၎င်းကပြောကြား သည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

## မာတိကာ

၆) ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကဏ္ဍစုံမှပါဝင်ပတ်သတ်သူများ ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ၃၀ရက်၊ မြန်မာ့အလင်း)

၇) ရွေးကောက်ပွဲများကို ဘက်လိုက်မှုကင်းစွာ ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ပြောကြား (၂၀၁၉ခုနှစ်၊ ဩဂုတ်လ၊ ၃၁ ရက်၊ Daily ELEVEN)

**၃) လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို စံပြရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပဆောင့်ကြည့်ရေးအဖွဲ့အား ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌပြော** (၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၊ ၂၄ ရက် Daily ELEVEN )

"ဒီရွေးကောက်ပွဲဟာ ကျွန်တော်ပြောတဲ့ အများယုံကြည်လေးစားလက်ခံတဲ့ ရွေးကောက်ပွဲ မဟုတ်ရင်တော့ ရွေးကောက်ပွဲကြီးက သမာသမတ်မရှိဘူးဆိုတော့ အလကားဟန်ပြရွေးကောက်ပွဲဖြစ်ပြီးတော့ နေမှာပါ။ ကျွန်တော်တို့က အလကားဟန်ပြရွေးကောက်ပွဲ မဟုတ်ဘူး။ စံပြရွေးကောက်ပွဲဖြစ်အောင်ဆောင်ရွက်မှာပါ။ ဒီလိုဆောင်ရွက်နိုင်ကြောင်းကိုလည်း ပြည်တွင်းပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖိတ်ကြားဦးမှာပါ ။ ကျွန်တော်တို့လုပ်ငန်းတွေက ဘယ်လောက်အထိ သမာသမတ်ကျတယ်ဆိုတာကို အာမခံချင်လို့ ။ ပြည်တွင်းရောပြည်ပရော နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ရော ကျွန်တော်ဖိတ်ကြားမှာပါ " ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>>

မာတိကာသို့>>>>

**၄) တိုင်းရင်းသားဒေသအချို့တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကို အကြောင်းပြ၍ ရွေးကောက်ပွဲ မကျင်းပမည်ကို တိုင်းရင်းသားနိုင်ငံရေးပါတီများ စိုးရိမ်** (၂၀၁၉ခုနှစ်၊ ဩဂုတ်လ၊ ၂၅ ရက် Daily ELEVEN)

"တိုင်းရင်းသားပါတီတွေအကုန်လုံးလောက်နီးပါးက တင်ပြကြတာ။ သူတို့ကနဂိုကတည်းကမှ လွှတ်တော်ထဲမှာ ပါဝင်နိုင်ဖို့အခွင့်အလမ်းကြိုးစားတာ နည်းပါးတယ်ပေါ့နော်။ နောက်တိုင်းရင်းသားတွေအနေနဲ့က မှတ်ပုံတင်လုပ်တဲ့နေရာမှာ သန်းခေါင်စာရင်းသွင်းတဲ့နေရာမှာ အရင့်အရင်အဆက်အဆက်ကတည်းက တစ်စုံတစ်ရာအားနည်းချက်တွေကြောင့် ဗမာအဖြစ်နဲ့စာရင်းသွင်းခံထားရတာတွေရှိတယ် ။ ရှိတဲ့အခါကြတော့ တိုင်းရင်းသားဂုဏ်ကြီးအဖြစ် ရွေးချယ်ခံတဲ့နေရာမှာဘဲဖြစ်ဖြစ် တိုင်းရင်းသားအဖြစ် စာရင်းသွင်းမခံထားရတော့ အားနည်းချက်တွေရှိတယ်။ နောက်တစ်ခါ တိုင်းရင်းသားဒေသတွေမှာရှိတဲ့ မဲဆန္ဒနယ်မြေကလည်း နည်းပါးတဲ့ကြားမှာ အဲလိုမျိုးစစ်ပွဲတွေကြောင့် ဒေသမအေးချမ်းလို့၊ မလုံခြုံလို့ ၊ မတည်ငြိမ်လို့ဆိုတာမျိုးတွေကြောင့် ရွေးကောက်ပွဲကိုမကျင်းပမှာ စိုးရိမ်တဲ့အချက်တွေ သူတို့ပြောတာတွေ ရှိတယ် ။ ရွေးကောက်ပွဲကော်မရှင်ကို အစိုးရနဲ့တပ်ကို တိုက်တွန်းပေးပါဆိုပြီး တိုက်တွန်းတောင်းဆိုတာတွေရှိတယ် ။ နောက်တစ်ခုက လက်နက်ကိုင်တွေကြီးဆိုးတဲ့ဒေသတွေ တပ်ဘဲဖြစ်ဖြစ် တိုင်းရင်းသားလက်နက်ကိုင်ဘဲ ဖြစ်ဖြစ်ပေါ့နော်။ တစ်ချို့လွှမ်းမိုးတဲ့ဒေသတွေမှာဆိုရင် တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့အတွက်ကို တစ်စုံတစ်ရာစိုးရိမ်ချက်တွေရှိတယ်။ အဲလိုမျိုးလည်း ကျွန်မတို့တွေ့ရတယ်" ဟု အစည်းဝေးတက်ရောက်သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီဗဟိုအလုပ်အမှုဆောင် ဒေါ်နှင်းနှင်းမွှေးက ပြောကြားသည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## *Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၅) ရွေးကောက်ပွဲကာလမဟုတ်သည့်အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းဟု သုံးစွဲခြင်းမပြုရန်နှင့်သုံးစွဲပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းနိုင်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ထုတ်ပြန်** (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ၂၉ ရက်၊ Daily ELEVEN)

"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုတာ ရွေးကောက်ပွဲကာလမဟုတ်တဲ့အတွက် သုံးစွဲခွင့်မရှိဘူး။ သူ့ဘာသူ မြေလွတ်မြေရိုင်း ရတာတွေကသူ့အပိုင်း ကျွန်တော်နဲ့မဆိုင်ဘူး။ ကျွန်တော်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းလို့ သုံးစွဲတာဟာ ဥပဒေနဲ့ ညီ၊ မညီ မေးခွန်းမေးတာ။ ကျွန်တော့်မြို့နယ်မှာ ရှိနေတဲ့အတွက်လေ" ဟု ၎င်းက ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၆) ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သတ်သူများ ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ** (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ၃၀ရက် ၊ မြန်မာ့အလင်း)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ ၊မဲဆန္ဒရှင် ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်ကြောင်း ၊ရွေးကောက်ပွဲအောင်မြင်ရန် ကဏ္ဍစုံမှပါဝင်ပတ်သက် သူများနှင့်ပူးပေါင်း ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ၊ အပြန်အလှန်ယုံကြည်မှုရှိခြင်း နှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်မှု ၊တရားမျှတမှု ၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရေးဆိုသည့် စံ(၅)ချက်နှင့်အညီ ဘက်လိုက်မှုကင်းစွာကျင်းပသွားမည်ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အဂတိကင်းစွာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၇) ရွေးကောက်ပွဲများကို ဘက်လိုက်မှုကင်းစွာ ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ပြောကြား** (၂၀၁၉ခုနှစ်၊ ဩဂုတ်လ၊ ၃၁ ရက်၊ Daily ELEVEN)

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၅ရက်၊ ဩဂုတ်လ၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

"ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်ရေး ဆိုသည့် စံဝါးချက်နှင့်အညီ ဘက်လိုက်မှုကင်းစွာကျင်းပသွားမည်" ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၁) လာမည့် ၂၀၂၀ ရွေးကောက်ပွဲ၌ မွန်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအားလုံး မဲပေးခွင့်ရရန် ကြိုးစားမည်** ( ၂၀၁၉ ခုနစ် ၊ ဩဂုတ်လ ၁ရက် ၊ Daily Eleven )

လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ၌ မွန်ပြည်နယ်၁၀မြို့နယ်ရှိ ဥပဒေနှင့် အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသောမသန်စွမ်းသူများအားလုံး ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရန် အတွက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်မသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဦးစောအောင်သိန်းတင်က ပြောကြားသည်။

"လာမည့် ၂၀၂၀ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ဥပဒေနှင့်အညီမဲပေးခွင့်ရှိတဲ့ မသန်စွမ်းတွေအား လုံးဆန္ဒမဲပေးပိုင်ခွင့်ကိုရရှိအောင် ကြိုးစားဆောင်ရွက်သွားပါမယ် ။ နောက်ထပ်ပိုမိုပြီး ပါဝင်နိုင်အောင်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီအတွက်ကိုလည်း မွန်ပြည်နယ် ၁၀ မြို့နယ်လုံးပေါင်းစည်းပြီး ၂၀၁၉ ခုနှစ် မေ ၁၃ ရက်က မွန်ပြည်နယ် မသန်စွမ်းသူများ အဖွဲ့ကိုဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါတယ် ။ " ဟု ဦးစောအောင်သိန်းတင် က ပြောကြားခဲ့ပါသည်။

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ မွန်ပြည်နယ်ရှိမသန်စွမ်း ၅ ဒသမ ၃ ရာခိုင်နှုန်းထဲမှ ၂ ဒသမ ၆ ရာခိုင်နှုန်းမှာ မဲပေးခွင့်ရှိသော်လည်း အမှန်တစ်ကယ်မဲလာပေး သည့် မသန်စွမ်းဦးရေမှာ တစ်ရာခိုင်နှုန်းပင်မရှိကြောင်း ၊ အဘယ်ကြောင့်ဆိုသော် မသန်စွမ်းများ ခွဲခြားဆက်ဆံခံရသည့် သဘောတွင်ရှိနေကြောင်း ၊ မိမိတို့မသန်စွမ်းများသည် ဆန္ဒမဲပေးခြင်းများနှင့် မသက်ဆိုင်ဘူးဆိုသကဲ့သို့ သဘောကိုဆောင်နေသလိုလည်းဖြစ်နေကြောင်း ၎င်းက ဆိုသည်။

"ကျွန်တော်တို့ မသန်စွမ်းတွေဘာကြောင့် မဲပေးခွင့်မရကြသလဲ ၊ မဲသွားမပေးနိုင်ကြတာလဲဆိုမဲရုံတည်ဆောက်ထားမှု အနေအထားအရ ကျွန်တော်တို့အတွက် အဟန့်အတားတွေအများကြီးရှိနေပါတယ် ။ မသန်စွမ်းတွေထဲမှာ အမြင်အာရုံမသန်စွမ်းတွေရှိမယ် ။ ခန္ဓာကိုယ်မသန်စွမ်းတွေရှိတယ် ။ အကြားအာရုံမသန်စွမ်းတွေရှိတယ် ။ ဉာဏ်ရည်မသန်စွမ်းတွေရှိပါတယ် ။ အဲဒီလေးမျိုးထဲမှာ ခန္ဓာကိုယ်မသန်စွမ်းအတွက်တို့ ၊ အမြင်အာရုံမသန်စွမ်းတွေအတွက်ဆိုပြီး လျှောက်လမ်းတွေသီးသန့်မရှိဘူး ။ နောက်အကြားအာရုံ မသန်စွမ်းအတွက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

ဆိုရင်လည်း လက်သင်္ကေတနဲ့ ပြပေးမယ့်သူမရှိဘူး ။ အဲဒီအပြင်ကို မသန်စွမ်းတွေအတွက် Right Information ဆိုတဲ့ မဲကိုဘယ်လိုပေးရမလဲဆိုတဲ့ အသိပညာပေးတာ လုံးဝမရှိခဲ့ဘူး။ အဲဒါတွေကို အဆင်ပြေအောင်ဆောင်ရွက်ပေးမယ် ဆိုရင်တော့ဆန္ဒမဲ မပေးတဲ့မသန်စွမ်းတွေ ရှိမှာမဟုတ်ဘူး " ဟု ဦးစောအောင်သိန်းတင်က ဆက်လက်ပြောကြားသည်။

"မသန်စွမ်းပုဂ္ဂိုလ်တစ်ဦး မဲရုံကိုရောက်လာရင် ဘယ်လိုဆောင်ရွက်ပေးရမှာတို့ Wheel Chair နဲ့ မဲရုံကိုရောက်လာရင် ဘယ်လိုဆောင်ရွက်ပေးရမှာတို့က မဲရုံမှူးလက်ဆွဲမှာ ပါဝင်မှာဖြစ်ပါတယ် ။ ကျွန်တော်တို့နိုင်ငံမှာက မဲရုံတွေကိုအဓိကအားဖြင့် စာသင်ကျောင်းတွေမှာ ပြုလုပ်ကြရတဲ့အတွက် Wheel Chair သွားတဲ့လမ်းတို့ဘာတို့ကို မလုပ်နိုင်ပါဘူး ။ ဒါပေမယ့်လည်း ကျွန်တော်တို့ လုပ်နိုင်တာက Wheel Chair နဲ့လာရင် မဲရုံဝန်ထမ်းတွေက မ,ပြီးတော့ မဲရုံထဲကို ပို့ဆောင်ပေးတာ ၊ မဲရုံမှူးကဘယ်လိုကူညီပေးရမယ် ။ ဒုမဲရုံမှူးက ဘယ်လိုကူညီ ပေးရမယ် ။ စသည်အားဖြင့် တာဝန်ခွဲဝေမှုတွေကို မဲရုံမှူးလက်စွဲမှာ ပါရှိမှာဖြစ်ပါတယ်။ Wheel Chair လမ်းတွေ မလုပ်နိုင်ပေမယ့်လည်း သူ့ကိုကူညီပေးနိုင်အောင် မဲရုံလက်စွဲမှာပါရှိမှာဖြစ်ပါတယ် " ဟု မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟိဏ်းလင်းထက် က ပြောကြားသည် ။

"၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လူဦးရေစာရင်းကောက်ယူပြီး ၊ မဲစာရင်း ပြုစုတဲ့ အချိန်မှာလည်း မဲရုံတစ်ရုံမှာ အမြင်အာရုံချို့တဲ့သူ ဘယ်နယောက် ၊ Wheel Chair နဲ့ ဘယ်နှစ်ယောက်ဆိုတာသိထားရင် အဲဒီမဲရုံအတွက် လိုအပ်ချက်တွေကို တွက်ချက်ပေးနိုင်မှာ ဖြစ်ပါတယ် ။ အဲဒီအတွက်လည်း အတတ်နိုင်ဆုံးကြိုးစားပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် " ဟု ဦးဟိဏ်းလင်းထက် ကဆက်လက်ပြောကြားသည် ။

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ မွန်ပြည်နယ်အတွင်းရှိ လူဦးရေသိန်း ၂၀ ကျော်တွင် မသန်စွမ်းဦးရေ တစ်သိန်းကျော်က (ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၃ ရာခိုင်နှုန်း ) ရှိကြောင်း မွန်ပြည်နယ် မသန်စွမ်းသူများအသင်းထံမှသိရသည် ။

မာတိကာသို့>>>>

**၂) လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စာရင်းများကို အလွယ်တစ်ကူ စိစစ်ရှာဖွေနိုင်ရန် ယခင်ကဲ့သို့ အက္ခရာအစဉ်လိုက်ထုတ်ပြန်ခြင်း မပြုတော့ဘဲ အိမ်ထောင်စုအလိုက် ထုတ်ပြန်ရန် စတင်ပြုစုနေ** (၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၊ ၈ ရက်၊ Daily Eleven )

လာမည့် ၂၀၂၀ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များကို အလွယ်တစ်ကူ စိစစ်ရှာဖွေနိုင်ရန် ယခင်ကဲ့သို့အက္ခရာအစဉ်လိုက် ထုတ်ပြန်ခြင်းမပြုတော့ဘဲ အိမ်ထောင်စုအလိုက် ထုတ်ပြန်သွားရန် စတင်ပြုစုနေကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၈ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သတ်သူများ တွေ့ဆုံပွဲကို ဩဂုတ်လ ၇ ရက်နေ့က မန္တလေးတိုင်း လွှတ်တော်ရုံးဟောင်းတွင်ပြုလုပ်ခဲ့ပြီး မဲစာရင်းစိစစ်ပြုစုခြင်း အခြေအနေများနှင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းအဆင့်ပါတီ ၁၅ ပါတီ ဌာနချုပ်အဆင့် ပါတီသုံးပါတီနှင့် မန္တလေးခရိုင် ခုနစ် မြို့နယ်အတွင်းရှိ CSO များ ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က "၂၀၁၉ ကတော့ မဲစာရင်းလုပ်တဲ့အချိန်ပေါ့ မဲစာရင်းဆိုတာပြည့်စုံမှ ၊ မှန်ကန်မှ ရွေးကောက်ပွဲမှာမဲပေးပိုင်ခွင့်ရှိသူ အားလုံးမဲပေးနိုင်မယ် ။ အဲလိုမဲပေးနိုင်မှ သူတို့ရွေးကောက်တင်မြှောက်တဲ့သူက လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာမယ် ။ ဒါကအခြေခံကြတဲ့လုပ်ငန်းပဲ ။ ဒါကြောင့် CSO တွေနဲ့ နိုင်ငံရေးပါတီတွေကို ကဏ္ဍအလိုက်ပူးပေါင်းဖို့ခေါ်ယူညှိနှိုင်းတွေ့ဆုံတာပါ " ဟု ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ အလွယ်တစ်ကူရှာဖွေသိရှိနိုင်ရန်ဆောင်ရွက်နေမှု နှင့်ပတ်သတ်၍ "အရင်ကတော့ အက္ခရာအလိုက်စဉ်လိုက်တာ ။ ဥပမာ- ကျွန်တော့်နာမည်က မြန်မာလိုဆိုရင် ဦးအောင်မြင့် 'အ' ဆိုတော့ အောက်ဆုံးမှာပေါ့ ။ ကျွန်တော့်သား နာမည်ကကျ ကျော်ကျော်ဆိုတော့ ဟိုးထိပ်ဆုံးမှာရောက်နေတာ ။ တစ်အိမ်တည်းမှာကို မဲစာရင်းရှာရတာ ဟိုမှာတစ်ယောက် ၊ ဟိုးထိပ်မှာတစ်ယောက် ထွေးထွေးဆိုတဲ့ သမီးက ရှာရတာတစ်နေရာမှာဖြစ်နေတယ်။ အခုကျတော့မိသားစုလိုက်ဆိုတော့ ကျွန်တော့် နာမည်တွေ့တာနဲ့ အကုန်နာမည်ပါတာပေါ့။ အဲဒီသဘောမျိုးပါ။ မဲဆန္ဒရှင်တွေ မဲစာရင်းလာကြည့်ကြတဲ့အခါ လွယ်တာပေါ့ ။ အရင်ကတော့သိပ်ခက်တယ် ။ ဥပမာ- အရင်ကဆို ညောင်ပင်သာဆိုတဲ့ရွာပေါ့ ။ မြန်မာနိုင်ငံမှာက ညောင်ပင်သာရွာဆိုတာ တစ်ရွာတည်းမဟုတ်ဘူး။ အဲလိုညောင်ပင်သာရွာဆိုပြီး ရိုက်နှိပ်ရှာလိုက်ရင် ညောင်ပင်သာရွာတွေအများကြီးထွက်လာတယ်။ ဒေသတွေ family life မဟုတ်တဲ့အခါ ကြတော့ပြန်ပြီး family life ဖြစ်အောင်လုပ်ရတာပေါ့။ အဲဒီလိုလုပ်တဲ့နေရာမှာ အရင်ကလုပ်ခဲ့တာတွေကိုလည်း ယူသင့်တာယူရတယ်။ ဘာတွေပြင်ဆင်ဖို့လိုအပ်မလဲဆို ကဏ္ဍဆုံမှာ ကောင်းသထက်ကောင်းအောင် အခြေအနေအချိန်အခါအရ ဆောင်ရွက်ဖို့အများကြီးပါပဲ။ ဒါပေမယ့်မဲစာရင်းမှန်ကန်ဖို့ အတွက် စေတနာနဲ့ လုပ်နေကြတာဖြစ်လို့ ရာနှုန်းပြည့်မှန်မယ်လို့ မျှော်မှန်းထားတယ်။ ဖြစ်အောင်လည်း ကြိုးစားနေတယ်။ အဲဒီမှာပြည်သူလူထုက မဲစာရင်းကို စိတ်ပါဝင်စားပါဝင် နိုင်လေ မဲစာရင်းမှန်ကန်ပြည့်စုံလေပဲ။ ဒါတွေက အာဏာနဲ့ဖွတ်လုပ်လို့မရဘူး " ဟု ၎င်းကပြောကြားသည်။

မာတိကာသို့>>>>

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

*Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

**၃) လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို စံပြရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပစောင့်ကြည့်ရေးအဖွဲ့အား ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌပြော** (၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၊၂၄ ရက် Daily ELEVEN )

လာမည့် ၂၀၂၀ ထွေထွေရွေးကောက်ပွဲကို စံပြရွေးကောက်ပွဲဖြစ်အောင်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ စောင့်ကြည့်ရေးအဖွဲ့ အားဖိတ်ကြားသွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌဦးလှသိန်းက ပြော ကြားသည် ။ ဩဂုတ်လ ၂၃ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ပြုလုပ်သည့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားရာ၌ အထက်ပါကဲ့သို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည် ။

"ဒီရွေးကောက်ပွဲဟာ ကျွန်တော်ပြောတဲ့ အများယုံကြည်လေးစားလက်ခံတဲ့ ရွေးကောက်ပွဲ မဟုတ်ရင်တော့ ရွေးကောက်ပွဲကြီးက သမာသမတ်မရှိဘူးဆိုတော့ အလကားဟန်ပြရွေးကောက်ပွဲဖြစ်ပြီးတော့ နေမှာပါ။ ကျွန်တော်တို့က အလကားဟန်ပြရွေးကောက်ပွဲ မဟုတ်ဘူး။ စံပြရွေးကောက်ပွဲဖြစ်အောင်ဆောင်ရွက်မှာပါ။ ဒီလိုဆောင်ရွက်နိုင်ကြောင်းကိုလည်း ပြည်တွင်းပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖိတ်ကြားဦးမှာပါ ။ ကျွန်တော်တို့လုပ်ငန်းတွေက ဘယ်လောက်အထိ သမာသမတ်ကျတယ်ဆိုတာကို အာမခံချင်လို့ ။ ပြည်တွင်းရောပြည်ပရော နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ရော ကျွန်တော်ဖိတ်ကြားမှာပါ " ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်အောင်စွာကျင်းပနိုင်ရေး အစည်းအဝေးတက်ရောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ ၈၈ ပါတီကို ဖိတ်ကြားခဲ့ရာ အစည်းအဝေးပွဲသို့ နိုင်ငံရေးပါတီ ၈၄ ပါတီတက်ရောက်ခဲ့ပြီး သက်ဆိုင်ရာပါတီများ၏ ကိုယ်စားလှယ်များကရင်းတို့၏ သဘောထားမှတ်ချက်များကို အကြံပြုဆွေးနွေး တင်ပြခဲ့ကြကြောင်း သိရသည်။

" ရခိုင်ပြည်နယ်တို့လို၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့လို နောက်တစ်ခါ အခြားနေရာတွေမှာ လက်နက်ကိုင်အဖွဲ့ အစည်းရှိတဲ့နေရာတွေမှာ တိုင်းရင်းသားလက်နက်ကိုင်ရှိတဲ့နေရာတွေမှာ အဲဒီကမဲဆန္ဒရှင်လုပ်သားပြည်သူတွေ တစ်ကယ်လွတ်လွတ်လပ်လပ်နဲ့ သူတို့ဆန္ဒတစ်ကယ် ဖော်ထုတ်နိုင်ပါ့ရဲ့လား ။ တစ်ကယ်ရော လွတ်လွတ်လပ်လပ် မဲပေးနိုင်ပါ့ရဲ့လား။ အလေးအနက်ရှိရမယ်။ အဲဒါဆိုရင်ရောတရားမျှတမှုရှိပေ့ါမလား။ ဒါတွေဆွေးနွေးတင်ပြခဲ့တယ် " ဟု တိုင်းရင်းသားညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဟန်ရွှေကပြောကြားသည် ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးလှသိန်းက "သူပြောတာကတော့စံငါးခုနဲ့ ပေါ့။ လွတ်လပ်တရားမျှ တဲ့ဟာဖြစ်အောင် နောက်ပြည်သူကလက်ခံနိုင်တဲ့ ရွေးကောက်ပွဲဖြစ်အောင်။ ပြည်သူနဲ့တစ်ထပ်တည်းကျတဲ့ ရွေးကောက်ပွဲဖြစ်အောင် သူအတတ်နိုင်ဆုံးကြိုးစား

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၈ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဥ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဥ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

သွားမယ်ဆိုတာ ဒါဘဲပြောပါတယ်။ အန်ကယ်တို့ ပါတီအနေနဲ့က ဥပဒေကြောင်းအရလိုအပ်တဲ့ဟာလေးတွေပေါ့။ ဟာကွက်လေးတွေအများကြီးရှိပါတယ် ။ အဲဒီရှိတဲ့ဟာတွေကို ဥပဒေအတိုင်းဆောင်ရွက်ဖို့ အန်ကယ်တို့ကတင်ပြမယ် ။ ဥပမာဆိုလို့ရှိရင် အန်ကယ်တို့ပါတီအနေနဲ့ တင်ပြမယ်ဆိုလို့ရှိရင် အခြခံဥပဒေမှာပြဌာန်းထားပြီးဖြစ်တဲ့ အခြေခံဥပဒေထက်ကိုကျော်တဲ့ဟာရှိရင် အခြေခံဥပဒေအတိုင်း Mother law အတိုင်းဆောင်ရွက်ရမယ် ဆိုတဲ့ဟာတွေ၊ နောက်တစ်ခုက ၂၃၂ အရ ပါတီတစ်ခုကနေပြီးတော့ ပြည်ထောင်စုဝန်ကြီးဖြစ်ကုန် လို့ရှိရင် အဲဒီပါတီရဲ့ အလုပ်တွေကိုဝင်မလုပ်ရဘူး ဆိုတဲ့ဟာမျိုးတွေ ဒီလိုဟာမျိုးတွေဆို ဥပဒေအတိုင်းဘဲလုပ်ဖို့ ဒါလေးတွေတင်ပြသွားမှာပါ။ " ဟုပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များမှ ရရှိလာသည့် အချက်အလက်များသည် ၂၀၂၀ ရွေးကောက်ပွဲအောင်မြင်ရန်နှင့် သမိုင်းမှတ်တိုင်တစ်ခုထူနိုင်အောင် ကြိုးစားဆောင်ရွက်ရန် အဓိဌာန်ပြုထားကြောင်း ကော်မရှင်ဥက္ကဌကဆိုသည်။

မာတိကာသို့>>>>

**၄) တိုင်းရင်းသားဒေသအချို့တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကို အကြောင်းပြု၍ ရွေးကောက်ပွဲ မကျင်းပမည်ကို တိုင်းရင်းသားနိုင်ငံရေးပါတီများ စိုးရိမ်** (၂၀၁၉ခုနှစ်၊ ဩဂုတ်လ၊ ၂၅ ရက် Daily ELEVEN)

တိုင်းရင်းသားဒေသအချို့တွင် ဖြစ်ပွားနေသည့်တိုက်ပွဲများကို အကြောင်းပြု၍ ရွေးကောက်ပွဲ မကျင်းပမည်ကို စိုးရိမ်မှုရှိကြောင်း တိုင်းရင်းသားနိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂၃ ရက်က နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင်ရုံးတွင်ကျင်းပစဉ် တိုင်းရင်းသားပါတီအများအပြားက ယင်းသို့တင်ပြဆွေးနွေးခြင်းဖြစ်ကြောင်း အစည်းအဝေးတက်ရောက်သည့် နိုင်ငံရေးပါတီအချို့ထံမှ သိရသည် ။

"တိုင်းရင်းသားပါတီတွေအကုန်လုံးလောက်နီးပါးက တင်ပြကြတာ။ သူတို့ကနဂို ကတည်းကမှ လွှတ်တော်ထဲမှာ ပါဝင်နိုင်ဖို့အခွင့်အလမ်းကြိုးစားတာ နည်းပါးတယ်ပေါ့နော်။ နောက်တိုင်းရင်းသားတွေအနေနဲ့က မှတ်ပုံတင်လုပ်တဲ့နေရာမှာ သန်းခေါင်စာရင်းသွင်းတဲ့နေရာမှာ အရင့်အရင်အဆက်အဆက်ကတည်းက တစ်စုံတစ်ရာအားနည်းချက်တွေကြောင့် ဗမာအဖြစ်နဲ့စာရင်းသွင်းခံထားရတာတွေရှိတယ် ။ ရှိတဲ့အခါကြတော့ တိုင်းရင်းသားဝန်ကြီးအဖြစ် ရွေးချယ်ခံတဲ့

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

*Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

နေရာမှာဘဲဖြစ်ဖြစ် တိုင်းရင်းသားအဖြစ် စာရင်းသွင်းမခံထားရတော့ အားနည်းချက်တွေ ရှိတယ်။ နောက်တစ်ခါ တိုင်းရင်းသားဒေသတွေမှာရှိတဲ့ မဲဆန္ဒနယ်မြေကလည်း နည်းပါး တဲ့ကြားမှာ အဲလိုမျိုးစစ်ပွဲတွေကြောင့် ဒေသမအေးချမ်းလို့၊ မလုံခြုံလို့ ၊ မတည်ငြိမ်လို့ဆိုတာ မျိုးတွေကြောင့် ရွေးကောက်ပွဲကိုမကျင်းပမှာ စိုးရိမ်တဲ့အချက်တွေ သူတို့ပြောတာတွေ ရှိတယ် ။ ရွေးကောက်ပွဲကော်မရှင်ကို အစိုးရနဲ့တပ်ကို တိုက်တွန်းပေးပါဆိုပြီး တိုက်တွန်းတောင်း ဆိုတာတွေရှိတယ် ။ နောက်တစ်ခုက လက်နက်ကိုင်တွေကြီးဆိုးတဲ့ဒေသတွေ တပ်ဘဲဖြစ်ဖြစ် တိုင်းရင်းသားလက်နက်ကိုင်ဘဲ ဖြစ်ဖြစ်ပေါ့နော်။ တစ်ချို့လွှမ်းမိုးတဲ့ဒေသတွေမှာဆိုရင် တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့အတွက်ကို တစ်စုံတစ်ရာစိုးရိမ်ချက်တွေရှိတယ်။ အဲလိုမျိုး လည်း ကျွန်မတို့တွေ့ရတယ်" ဟု အစည်းဝေးတက်ရောက်သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီဗဟိုအလုပ်အမှုဆောင် ဒေါ်နှင်းနှင်းမွှေးက ပြောကြားသည်။

လက်ရှိတွင်မွန်ပြည်နယ်၌တပ်မတော်နှင့် AAတို့ တိုက်ပွဲဖြစ်ပွားလျှက်ရှိသလိုပြီးခဲ့သည့် ရက်ပိုင်း အတွင်းပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသအချို့ကို TNLA ၊ MNDAA ၊ AA စသည့် မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ ပူးပေါင်းတိုက်ခိုက်မှုကြောင့် တပ်မတော်နှင့်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားလျှက်ရှိနေသည်။

ထို့အပြင် လွှတ်တော်အတွင်း ၂၅ ရာခိုင်နှုန်းရှိနေသည့် တပ်မတော်သားများ၊ ဆန္ဒမဲပေးနိုင်သည့်ကိစ္စ၊ တပ်မတော်အတွင်း မဲဆွယ်စည်းရုံးခွင့်မရှိသည့်ကိစ္စ၊ အချို့သောမြို့နယ် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်များတွင် နိုင်ငံရေးပါတီတစ်ခု၏ အဖွဲ့ဝင်များပါဝင်နေသည့် ကိစ္စစသည့် အချက်များကိုလည်းနိုင်ငံရေးပါတီများက တင်ပြဆွေးနွေးကြသည်ဟု သိရသည် ။

တိုင်းရင်းသားပါတီအချို့က ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့် မဲမပေးနိုင်သည့်ကိစ္စ၊ မဲစာရင်းမမှန်ကန်သည့်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်တွင်း၊ ပြည်ပရွှေ့ပြောင်းလုပ်သားများ၏ မဲစာရင်းကိစ္စ၊ တိုင်းရင်းသားဒေသအချို့တွင် မှတ်ပုံတင်အခက်အခဲကြောင့် မဲစာရင်းတွင်ပါဝင်နိုင်ရေး အခက်အခဲဖြစ်နေသည့် ကိစ္စတို့ကိုလည်းဆွေးနွေးခဲ့ကြကြောင်း ပြည်သူ့ပါတီအထွေထွေအတွင်းရေးမှူး ဦးရဲနိုင်အောင်က ပြောကြားသည်။

"နိုင်ငံရေးပါတီတွေက သူတို့တစ်ခုခြင်းရဲ့ အတွေ့အကြုံအရ ဖြစ်သင့်ဖြစ်ထိုက်တယ်ဆိုတဲ့ အကြံပြုဆွေးနွေးချက်တွေ ဆွေးနွေးတာတွေ့ရတယ်။ အပြုသဘောဆောင်တဲ့ ဆွေးနွေးချက်တွေလို့ဘဲမြင်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးစသည့် စံငါးချက်နှင့်အညီ သမာသမတ်ကျသည့် စံပြရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်း

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၈ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

များကို ဖိတ်ခေါ်သွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဩဂုတ်လ ၂၃ ရက် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံစဉ်ပြောကြားသည် ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံရေးပါတီ ၈၈ ပါတီကိုဖိတ်ကြားခဲ့ပြီး နိုင်ငံရေးပါတီ ၈၄ ပါတီက တက်ရောက်ခဲ့ကာ နိုင်ငံရေးပါတီ ၄၈ ပါတီက သဘောထားမှတ်ချက် တင်ပြဆွေးနွေးခြင်း၊ အကြံပြုတိုက်တွန်းခြင်းများ လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

မာတိကာသို့>>>>

**၅) ရွေးကောက်ပွဲကာလမဟုတ်သည့်အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းဟု သုံးစွဲခြင်း မပြုရန်နှင့်သုံးစွဲပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထုတ်ပြန်** (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ၂၉ ရက်၊ Daily ELEVEN)

ရွေးကောက်ပွဲကာလမဟုတ်သည့်အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းဟု သုံးစွဲဖော်ပြခြင်းမပြုရန်နှင့် သုံးစွဲပါကပြုမူဆောင်ရွက်သည့် အကြောင်းအရာအပေါ်မူတည်ပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဩဂုတ်လ ၂၇ ရက် တွင်ကြေငြာချက် ထုတ်ပြန်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ် သုံးစွဲဖော်ပြခြင်းနှင့် စပ်လျဉ်း၍ အချက် ၇ ချက်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေငြာချက်တွင် အောက်ပါအတိုင်း အသိပေးထားခြင်း ဖြစ်သည်။

"ဟိုတုန်းကလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက လွှတ်တော်ကိုယ်စားလှယ်လောင်း ဆိုပြီးတော့ လမ်းဘေးမှာဆိုင်းဘုတ်တင်ပြီးတော့ သုံးတာကိုတင်ပြလာလို့ မနေ့က လွှတ်တော်မှာမေးခဲ့တဲ့ အဲဒီကိစ္စပါ " ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်နိုင်က ထုတ်ပြန်ချက်နှင့် ပတ်သက်၍ပြောကြားသည်။

ဩဂုတ်လ ၂၇ရက် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ရှမ်းပြည်နယ် တောင်းပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသေဒ ရွာငံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းက ၎င်း၏ မဲဆန္ဒနယ်မြေအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဟူ၍ ရေးသားကြေငြာမှုရှိနေပြီး ယင်းလုပ်ရပ်သည် ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ မေးခွန်းမေးမြန်းခဲ့သည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## *Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

ဦးအောင်းစိုးမင်း၏မေးခွန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းဌေးက ရွေးကောက်ပွဲကာလမဟုတ်သည့်အချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဟု ရေးသားကြော်ငြာခြင်းသည် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း၊ နောင်အလားတူ ဖြစ်စဉ်မျိုးမပေါ်ပေါက်စေရန် နိုင်ငံရေးပါတီများနှင့် အခြားသက်ဆိုင်သည့်အဖွဲ့စည်းများ၊ ပုဂ္ဂိုလ်များသို့ ကြေငြာချက်ထုတ်ပြန်သွားမည်ဟု လွှတ်တော်တွင် ပြန်လည်ဖြေကြားခဲ့ပြီးနောက် ယခုကဲ့သို့ထုတ်ပြန်ချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

ရှာငံမြို့နယ်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်ရရှိကြောင်း ဆိုင်းဘုတ်ထောင် ကြေငြာမှုတစ်ခုတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဟု ထည့်သွင်းရေးသားမှုကို ဇူလိုင်လကတည်းကတွေ့ရှိရပြီး လွှတ်တော်တွင်မေးခွန်းမေးမြန်းခဲ့ချိန်အထိ တွေ့ရှိရဆဲဖြစ်သည်ဟု ယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်းစိုးမင်းက ဆိုသည်။

"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုတာ ရွေးကောက်ပွဲကာလမဟုတ်တဲ့အတွက် သုံးစွဲခွင့်မရှိဘူး။ သူ့ဘာသူ မြေလွတ်မြေရိုင်း ရတာတွေကသူ့အပိုင်း ကျွန်တော်နဲ့မဆိုင်ဘူး။ ကျွန်တော်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းလို့ သုံးစွဲတာဟာ ဥပဒေနဲ့ ညီ၊ မညီ မေးခွန်းမေးတာ။ ကျွန်တော့်မြို့နယ်မှာ ရှိနေတဲ့အတွက်လေ" ဟု ၎င်းက ပြောကြားသည်။

ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းပြီးနောက် ကော်မရှင်အဖွဲ့ခွဲများက လွှတ်တော်ကိုယ်စားလောင်းအဖြစ် ရွေးကောက်ခံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ကြေငြာသည့်နေ့မှစ၍ ရွေးကောက်တင်မြှောက်ပြီးသည့်နေ့အထိ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် တရားဝင်သုံးစွဲခွင့်ရှိပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ခံပိုင်ခွင့်မရှိသူဖြစ်ကြောင်း ကြေငြာခံရသူ၊ အယူခံငြင်းပယ်ခံရသူ၊ ရွေးကောက်တင်မြှောက်ခြင်း မခံရသူများသည် လွှတ်တော်ကိုယ်စားလောင်းအဖြစ် ဆက်လက်သုံးစွဲခွင့်မရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း၊ ပြင်ဆင်မှုနှင့်အယူခံတင်သွင်းခြင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် စပ်လျဉ်း ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားခြင်း စသည့်ကိစ္စရပ်များတွင်သာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် သုံးစွဲခွင့်ရှိပြီး အခြားကိစ္စရပ်များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းဟူ၍ သုံးစွဲခွင့်မရှိကြောင်း ကော်မရှင်ကထုတ်ပြန်သည်။

မာတိကာသို့>>>>

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၈ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

**၆) ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သတ်သူများ ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ၃ဝရက် ၊ မြန်မာ့အလင်း)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Asian Network for Free Elections (ANFREL) အဖွဲ့တို့ပူးပေါင်း၍ ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon lake View Resort Hotle ၌ ကျင်းပသည်။

ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ အရပ်ဖက်လူမှုအဖွဲ့အစည်းးများ၊ မီဒီယာများ ၊မဲဆန္ဒရှင် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်ကြောင်း ၊ရွေးကောက်ပွဲအောင်မြင်ရန် ကဏ္ဍစုံမှပါဝင်ပတ်သက် သူများနှင့်ပူးပေါင်း ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ၊ အပြန်အလှန်ယုံကြည်မှုရှိခြင်း နှင့် ပွင့်လင်းမြင်သာမှု ရှိရန်လိုအပ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် လွတ်လပ်မှု ၊တရားမျှတမှု ၊ ပွင့်လင်းမြင်သာမှု ၊အများယုံကြည်လက်ခံမှု ၊ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရေးဆို သည့် စံ(၅)ချက်နှင့်အညီ ဘက်လိုက်မှုကင်းစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အဂတိကင်းစွာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**စနစ်တကျဖြစ်ရန် ဆောင်ရွက်ပေး**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းသည် အခြေခံအကျဆုံး ဖြစ်ပြီး ကဏ္ဍဆုံမှပါဝင်ပတ်သတ်သူများနှင့် ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရန်နှင့် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရန် အတွက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) အခန်း(၇)တွင် ကဏ္ဍစုံမှ ပါဝင်ပတ်သတ်သူများနှင့်ဆက်ဆံခြင်းအခန်းကို ထည့်သွင်းရေးဆွဲထားပါကြောင်း ယနေ့တွေ့ဆုံပွဲတွင် ကဏ္ဍစုံမှ

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## *Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

ပါဝင်ပတ်သတ်သူများဆက်ဆံရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတကာအတွေ့အကြုံရရှိရန် ANFREL အဖွဲ့က စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည် ။

**အပိုင်းလေးပိုင်းခွဲဆွေးနွေး**

ဆက်လက်၍ ANFREL အဖွဲ့၏အမှုဆောင်ဒါရိုက်တာ Mrs. Chandanie Watawala က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ကမ္ဘာ့စုံမှပါဝင်ပတ်သတ်လာသူများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အလမ်းများ ၊မျှော်မှန်းချက်များ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ လေးပိုင်းခွဲကာဆွေးနွေးကြသည် ။

မာတိကာသို့>>>>

**၇) ရွေးကောက်ပွဲများကို ဘက်လိုက်မှုကင်းစွာ ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ပြောကြား** (၂၀၁၉ခုနှစ်၊ ဩဂုတ်လ၊ ၃၁ ရက်၊ Daily ELEVEN)

ရွေးကောက်ပွဲများကို ချမှတ်ထားသည့်စံငါးချက်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းကပြောကြား ဩဂုတ်လ၂၉ ရက်တွင်နေပြည်တော်ရှိ Horizon Lake View Resort Hotle ၌ ကော်မရှင်နှင့် Asian Network for free Elections ( ANFREL )တို့ ပူးပေါင်းကျင်းပသည့် ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကမ္ဘာ့စုံမှပါဝင် ပတ်သတ်သူများ ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် ဦးလှသိန်းက ပြောကြား ခဲ့ခြင်းဖြစ်သည်။

"ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှု ၊ပွင့်လင်းမြင်သာမှု ၊အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရေး ဆိုသည့် စံငါးချက်နှင့်အညီဘက်လိုက်မှုကင်းစွာ ကျင်းပသွားမည်" ဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းပြောကြားသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာ များ၊ မဲဆန္ဒရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်သည့်ရွေးကောက်ပွဲ ဖြစ်မည်ဟု ၎င်းကဆိုသည်။

ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့် အညီအဂတိကင်းစွာ ဆောင်ရွက်ကြရန်လိုအပ် ကြောင်း ဦးလှသိန်းပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ချမှတ်ထားသည့် စံငါးချက်အတိုင်း အတိုင်းဆောင်ရွက်မည်ဟု မျှော်လင့်ပြီးအမှန်တကယ်ဆောင်ရွက်မှု ရှိ၊ မရှိကို ရလဒ်အပေါ် ကြည့်၍ ဆုံးဖြတ်မည်ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဘက်အတွင်းရေးမှူး (၁) ဒေါ်နှင်းနှင်းမွှေးက ပြောကြားသည်။

"ကျွန်မတို့အချင်းချင်းကြားထဲမှာ ထိန်းကျောင်းမှု၊ အပြန်အလှန် တာဝန်ယူမှု ၊တာဝန်ခံမှု နဲ့လုပ်သွားမယ်ဆိုရင်တော့ ၂၀၂၀ ရွေးကောက်ပွဲဟာအောင်မြင်တဲ့ ရွေးကောက်ပွဲ၊ တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်လာနိုင်လိမ့်လို့ မျှော်လင့်ပါတယ် " ဟုရင်းကဆိုသည်။

ဩဂုတ်လ ၂၃ရက် က နေပြည်တော်ရှိ ကော်မရှင်ရုံးတွင်ပြုလုပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများညှိနှိုင်းအစည်းအဝေးတွင်လည်း လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို စံပြဖြစ်အောင်ဆောင်ရွက်မည်ဟု ဦးလှသိန်းက ပြောကြားထားသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ၂၀၁၉ ခုနှစ်ကို မဲစာရင်းပြုစုရေးနှစ် အဖြစ် သက်မှတ်ပြီး မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းများကို ဖွန်လကုန်မှ စက်တင်ဘာလကုန်အထိ ဆောင်ရွက်လျှက်ရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီအပါအဝင် နိုင်ငံရေးပါတီအချို့က ဝေဖန်မှုများရှိသော်လည်း လာမည့်အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတသည့်ရွေးကောက်ပွဲ ဖြစ်အောင်ဆောင်ရွက်မည်ဟု ကော်မရှင်တာဝန်ရှိသူများက တုန့်ပြန်ထားသည်။

ဦးလှသိန်းဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်လက်ထပ်တွင် ၂၀၁၇ ခုနှစ် ၂၀၁၈ ခုနှစ်တို့၌ ကြားဖြတ်ရွေးကောက်ပွဲ နှစ်ကြိမ်ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှု လေးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

မာတိကာသို့>>>>


## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၈ရက်၊ ဇူလိုင်၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)



လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org